## ရည်ရွယ်ချက်

အခွန်ထမ်းများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှုများ သို့မဟုတ် ဆုံးဖြတ်ချက်များအား ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းနှင့် အယူခံဝင်ခြင်းများအား အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန်နှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူညီမျှရရှိစေရန် ရည်ရွယ်ပါသည်။

## စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားခြင်း

အခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးက ချမှတ်သည့်မည်သည့်စည်းကြပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို ကျေနပ်မှုမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(က)အရ ညွှန်ကြားရေးမှူးချုပ်ထံ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အောက်ပါအတိုင်း လျှောက်ထားရမည် ဖြစ်ပါသည် -

- ❖ အခွန်ထမ်းသည် သက်ဆိုင်ရာအခွန်ရုံး၏ စည်းကြပ်မှုအကြောင်းကြားစာ သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိပြီးမှသာ စီမံအုပ်ချုပ်မှု နည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရမည်၊
- ❖ အခွန်ရုံးက အခွန်စည်းကြပ်သည့် စနစ်ကျင့်သုံးသည့် အခွန်ရုံး၏ အခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ စည်းကြပ်မှုခံယူသည့် အခွန်ရုံးသို့ စည်းကြပ်မှုဆုံးဖြတ်ချက်(မိတ္တူမှန်)ကို လျှောက်ထားရယူရမည်၊
- ❖ အငြင်းပွားမှုမရှိသော အခွန်ကို အကျေပေးသွင်းရမည် သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးသွင်းရမည်၊
- ❖ အငြင်းပွားမှုရှိသော အခွန်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအခွန်ရုံးက အာမခံတင်သွင်းရန်လိုအပ်၍ တောင်းဆိုလာပါက အာမခံတင်သွင်းခြင်းနှင့် ခံဝန်ချုပ်များကိုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။
- ❖ အထက်ပါအချက်များ ဆောင်ရွက်ပြီးပါက သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ထိုက်သင့်သည့်ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်၍ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူလျှောက်ထားရမည်ဖြစ်ပြီး သက်ဆိုင်ရာ အခွန်စည်းကြပ်မှုခံယူနေသည့်ရုံးသို့ မိတ္တူပေးပို့ရမည်။
- ❖ အခွန်အမျိုးအစား သို့မဟုတ် အခွန်ကာလတစ်နှစ်ထက်ပိုသော ဝင်ငွေနှစ်(ဘဏ္ဍာနှစ်)များအတွက် လျှောက်ထားခြင်းဖြစ်လျှင် အခွန်အမျိုးအစားတစ်ခုစီနှင့် ဝင်ငွေနှစ် တစ်နှစ်ချင်းစီအတွက် သီးခြားလျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည်။

## ကာလစည်းကမ်းသတ်

- ❖ အခွန်ထမ်းသည် မိမိမကျေနပ်သည့် စည်းကြပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားရမည်ဖြစ်သည်၊
- ❖ ကာလစည်းကမ်းသတ်ဥပဒေအရ ရက်ပေါင်း(၃၀)အား ရေတွက်ရာတွင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့ကို ထည့်သွင်းရေတွက်ခြင်း မပြုသည့်အပြင် **စည်းကြပ်မှုဆုံးဖြတ်ချက် (မိတ္တူမှန်) လျှောက်ထားရန်ကြာမြင့်သည့်ကာလနှင့်အငြင်းပွားမှုရှိသောအခွန်ပမာဏနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် ကြာမြင့်သည့်ကာလအား နုတ်ပယ်ခွင့်ပြုပေးမည် ဖြစ်ပါသည်။**

## စည်းကြပ်ထားသည့်အခွန်ပေးသွင်းရန်ကိစ္စ

အခွန်ထမ်းသည် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေး ရန် လျှောက်ထားခြင်း သို့မဟုတ် အခွန်အယူခံခုံအဖွဲ့သို့ အယူခံလျှောက်ထားရာတွင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၇ အရ အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည် -

- ❖ ညွှန်ကြားရေးမှူးချုပ်က အခွန်ပေးဆောင်ရမည့် အချိန်တိုးမြှင့်ပေးထားခြင်းမရှိလျှင် အငြင်းပွားမှုမရှိသော အခွန်ပမာဏကို ပေးသွင်းမြဲပေးသွင်းရမည်၊
- ❖ အငြင်းပွားမှုရှိသော အခွန်ပမာဏနှင့်ပတ်သက်၍ သက်ဆိုင်ရာ အခွန်ရုံးက အာမခံတင်သွင်းရန် တောင်းဆိုလာပါက လုံလောက်သော အာမခံတင်သွင်းရမည်ဖြစ်ပါသည်။

## အာမခံတင်သွင်းခြင်း

အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် အာမခံတင်သွင်းရန် သက်ဆိုင်ရာအခွန်ရုံးက တောင်းဆိုလာပါက ပစ္စည်းအာမခံတင်သွင်းသည့် အာမခံစာချုပ် (ခံဝန်ချုပ်) ကို ချုပ်ဆိုတင်သွင်းရန် လိုအပ်ပါသည်။ ထိုသို့ တင်သွင်းရာတွင် -

- ❖ အာမခံတင်သွင်းသည့် ပစ္စည်းတန်ဖိုးသည် အငြင်းပွားမှုရှိသော အခွန်ပမာဏအတွက် လုံလောက်သော အာမခံပစ္စည်း ဖြစ်ရမည်၊
- ❖ ခံဝန်တင်သွင်းသောပစ္စည်းမှာ မိမိအမည်ပေါက် ပိုင်ဆိုင်ရန် လိုအပ်ပြီး အကယ်၍ အခြားသူနှင့် ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပါက ပူးတွဲပိုင်ဆိုင်သူနှစ်ဦးစလုံးက လက်မှတ်ရေးထိုးတင်သွင်းရန်လိုအပ်ပါသည်၊
- ❖ ခံဝန်ချုပ်ပေါ်တွင် ခံဝန်တင်သွင်းသူနှင့် သက်သေနှစ်ဦးတို့သည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြရမည်၊
- ❖ ခံဝန်ချုပ်နှင့်အတူ သက်ဆိုင်ရာပစ္စည်း၏ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများကို တစ်ပါတည်းအပ်နှံခဲ့ရမည်။ ဘဏ်ငွေစုစာအုပ်၊ အသက်အာမခံပေါ်လစီစာချုပ်တို့ကို ခံဝန်တင်သွင်းခွင့်ပြုမည် မဟုတ်ပါ၊
- ❖ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အရ အခွန်နှင့်ဒဏ်ငွေများကို အပြေအကျေပေးဆောင်ပြီးလျှင်သော်လည်းကောင်း၊ နောက်ဆုံးအဆင့်အယူခံပြီးဆုံးပြီးနောက် အပြေအကျေ ပေးဆောင်ပြီးလျှင်သော်လည်းကောင်း

ရုပ်သိမ်းခွင့်လျှောက်ထားခြင်းကြောင့် ရုပ်သိမ်းခွင့်ပြုသဖြင့် အပြေအကျေပေးဆောင်ပြီးလျှင်သော်လည်းကောင်း၊ ခံဝန်တင်သွင်းထားသည့်စာချုပ်နှင့် ပူးတွဲတင်သွင်းထားသည့် သက်ဆိုင်ရာစာရွက်စာတမ်းများကို ပြန်လည်ထုတ်ယူရမည်၊

- ❖ ပစ္စည်းအာမခံတင်သွင်းသည့် စာချုပ်ပေါ်တွင် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကပ်နှိပ်ထမ်းဆောင်ရမည်။

## လျှောက်ထားနိုင်သည့်နည်းလမ်း

အခွန်ထမ်းသည် မိမိမကျေနပ်သည့် စည်းကြပ်မှုအကြောင်းကြားစာသို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ လျှောက်ထားရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။ **(လျှောက်လွှာပုံစံအား သက်ဆိုင်ရာ အခွန်စည်းကြပ်မှုခံယူနေသည့်ရုံးတွင် ရယူနိုင်ပါသည်)**

## ပူးတွဲပါရှိရမည့်အထောက်အထားများ

- ❖ အငြင်းပွားမှုမရှိသော အခွန်ပမာဏနှင့် အငြင်းပွားမှုရှိသော အခွန်ပမာဏတို့အတွက် ဆောင်ရွက်ထားရှိမှုနှင့် သက်ဆိုင်သည့် အထောက်အထား၊
- ❖ မိမိကျေနပ်မှုမရှိသည့် စည်းကြပ်မှုအကြောင်းကြားစာ(မိတ္တူ) သို့မဟုတ် စည်းကြပ်မှုဆုံးဖြတ်ချက် (မိတ္တူမှန်)၊
- ❖ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရသည့် အသေးစိတ်အကြောင်းပြချက်များနှင့် အခြားတင်ပြလိုသည့် အထောက်အထားများ၊
- ❖ အခွန်ထမ်းကိုယ်စား လက်မှတ်ရေးထိုး လျှောက်ထားခွင့်ရှိသူက လျှောက်ထားပါက ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

## အယူခံဝင်ခြင်း

- ❖ အခွန်ထမ်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ (ဂ)အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်လိုက်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (က) နှင့်အညီ အခွန်အယူခံခုံအဖွဲ့ထံသို့ အယူခံဝင်နိုင်သည်။
- ❖ ပြန်လည်သုံးသပ်ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူမှန် (Certified Copy) အား သတ်မှတ်ပုံစံဖြင့် လျှောက်ထားရယူကာ အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်း လျှောက်ထားရမည်။
- ❖ မိတ္တူလျှောက်လွှာတွင်လည်းကောင်း၊ မိမိလျှောက်ထားရယူမည့် တာဝန်ခံမိတ္တူမှန်ပေါ်တွင်လည်းကောင်း ရုံးခွန်အက်ဥပဒေအရ ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ရပါမည်။
- ❖ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော်လွန်ပြီးဖြစ်သော်လည်း ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရရှိပါက အဆိုပါ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (ခ)အရ အခွန်အယူခံခုံအဖွဲ့ထံသို့ အယူခံဝင်နိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/၁၃၂၊ ဒုတိယထပ်နှင့်တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ လမ်း ၆၀၊ ၁၀၁(A) x ၁၀၂ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

# စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းအကြောင်း

## သိကောင်းစရာများ







၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**“ Tax by the Law, Service by our Heart ”**